Washington State
Health Care Authority

# လာမည့် ဇူလိုင်လ 2024 တွင် ရရှိမည့် Apple Health Expansion

## Apple Health Expansion (တိုးချဲ့လုပ်ဆောင်မှု) ဆိုသည်မှာ မည်သို့နည်း?

2022 ခုနှစ် ဖြည့်စွက်ထောက်ပံ့မှုဆိုင်ရာ ဘတ်ဂျက်လျာထားချက်အရ Health Care Authority (HCA) အား ဖယ်ဒရယ် ပံ့ပိုးထောက်ပံ့မှုရရှိရန်အတွက်ဌာ လူဝင်မှု ကြီးကြပ်ရေးဆိုင်ရာ ကန့်သတ်ချက်များဖြင့် ပြည့်မီကိုက်ညီမှုမရှိသော အာမခံမရှိသည့် အရွယ်ရောက်သူများအတွက် Medicaid ဖြင့် တန်းတူညီမျှသော ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ အာမခံအကျုံးဝင်လွှမ်းခြုံမှုတစ်ခုအား ထောက်ပံ့ပေးနိုင်မည့် ဆေးဘက်ဆိုင်ရာ ပံ့ပိုးထောက်ပံ့မှု အစီအစဥ်တစ်ခုအား စီမံရေးဆွဲရန် ညွှန်ကြား ခဲ့သည်။

## မည်သူများသည် အရည်အချင်းပြည့်မီသနည်း?

အကယ်၍ သင့်တွင် အောက်ပါအခြေအနေများ ရှိခဲ့လျှင် သင်သည် ဤအစီအစဥ်အတွက် အရည်အချင်းပြည့်မီကောင်း ပြည့်မီပေမည်–

- Washington တွင် အခြေချနေထိုင်သူတစ်ဦး ဖြစ်ပြီး၊ အသက် 19 နှစ် သို့မဟုတ် အထက် ဖြစ်လျှင်၊
- ဖယ်ဒရယ် ဆင်းရဲချို့တဲ့မှုအဆင့်၏ 138% အောက် ရေတွက်နိုင်သော ဝင်ငွေ ရှိလျှင်၊
- လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အခြေအနေအပေါ် အခြေခံချက်အရ အခြားသော Apple Health အစီအစဥ်များအတွက် အရည်အချင်းပြည့်မီသူ မဟုတ်လျှင်၊
- ကိုယ်ဝန်ဆောင်ထားခြင်း မရှိလျှင်၊ သို့မဟုတ် လွန်ခဲ့သော 12 လအတွင်း ကိုယ်ဝန်ဆောင်ခဲ့ဖူးခြင်း မရှိလျှင်၊ ထို့ပြင်
- အဆင့်မြင့် ပရီမီယံ အခွန် ခရစ်ဒစ်များ (APTC) ပါဝင်သည့် အရည်အချင်းပြည့်မီသော ကျန်းမာရေး အစီအစဥ်များ သို့မဟုတ် ဖယ်ဒရယ် ရန်ပုံငွေ ထောက်ပံ့ထားသော ဆေးဘက်ဆိုင်ရာ ပံ့ပိုးထောက်ပံ့မှု အစီအစဥ်များ အစရှိသည်တို့အတွက် အရည်အချင်းပြည့်မီခြင်း မရှိလျှင်။

အခြားသော Apple Health အစီအစဥ်များအတွက် အရည်အချင်းပြည့်မီမှုနှင့်ပတ်သက်ပြီး လေ့လာကြည့်ရှုရန်– hca.wa.gov/apple health-eligibility။

## ဝင်ငွေ စံညွှန်းသတ်မှတ်ချက်များ

| အိမ်ထောင်စု အရွယ်အစား | 1 | 2 | 3 | 4 | 5 |
|---|---|---|---|---|---|
| လစဥ် ဝင်ငွေ | $1,732 | $2,351 | $2,969 | $3,588 | $4,207 |
| **အိမ်ထောင်စု အရွယ်အစား** | **6** | **7** | **8** | **9** | **10** |
| လစဥ် ဝင်ငွေ | $4,825 | $5,444 | $6,063 | $6,682 | $7,300 |

*ဧပြီလ 2024 စံညွှန်းသတ်မှတ်ချက်များအပေါ် အခြေခံချက်အရ။ စံညွှန်းသတ်မှတ်ချက်များသည် နှစ်စဥ် အပြောင်းအလဲရှိသည်။

## မည်သည့်အချိန်၌ ကျွန်ုပ် လျှောက်ထားနိုင်သနည်း?

Apple Health Expansion (တိုးချဲ့လုပ်ဆောင်မှု) နွေဦး 2024 အတွက် သင် စတင် လျှောက်ထားနိုင်ပြီ ဖြစ်သည်။

## အာမခံအကျုံးဝင်လွှမ်းခြုံမှုသည် မည်သည့်အချိန်၌ စတင်သနည်း?

Apple Health Expansion (တိုးချဲ့လုပ်ဆောင်မှု) ၏ အာမခံအကျုံးဝင်လွှမ်းခြုံမှုသည် ဇူလိုင်လ 1 ရက်၊ 2024 တွင် စတည်မည် ဖြစ်သည်။

## ဇူလိုင် 1 ရက်၊ 2024 မတိုင်မီ မည်သည့် ကျန်းမာရေးအာမခံအကျုံးဝင်လွှမ်းခြုံမှုအား ရရှိနိုင်သနည်း?

**အခြား Apple Health အကျုံးဝင်လွှမ်းခြုံမှု**

အကယ်၍ ယခုပင် ဆရာဝန်ထံသို့ သင် သွားရောက်ဖို့ လိုအပ်နေလျှင် ကလေးများအတွက် Apple Health for Kids ၊ ကိုယ်ဝန်ဆောင်များအတွက် Apple Health for pregnancy ၊ အရေးပေါ် Alien Emergency Medical (AEM) နှင့် ဆေးဝါးစောင့်ရှောက်မှု Medical Care Services (MCS) အစရှိသည်တို့အတွက် သင် အရည်အချင်း ပြည့်မီခြင်း ရှိ၊မရှိ စစ်ဆေးကြည့်ရှုနိုင်ပါသည်။ နောက်ထပ်သော အချက်အလက်များအတွက် လည်ပတ်ကြည့်ရှုရန်– hca.wa.gov/apple-health-non-citizens။

## ရွှေ့ပြောင်းနေထိုင်သူများအတွက် Qualified Health Plans နှင့် Cascade Care Savings ရွေးချယ်မှုများ

လူဝင်မှုကြီးကြပ်ရေးအခြေအနေ မည်သို့ပင်ရှိစေကာမူ ဝါရှင်တန်သားအားလုံးသည် 2024 ခုနှစ်အတွက် အရည်အချင်းပြည့်မီသော ကျန်းမာရေးနှင့် သွားဘက်ဆိုင်ရာ အစီအစဥ်များကို ဝယ်ယူရရှိနိုင်ပါပြီ။ ရွှေ့ပြောင်းနေထိုင်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြားကုန်ကျစရိတ်ချွေတာမှုရွေးချယ်စရာများအကြောင်း ထပ်၍ လေ့လာနိုင်ပါသည်။

## နောက်ထပ် အချက်အလက်များအား မည်သည့်နေရာမှ ရရှိနိုင်မည်နည်း?

**အွန်လိုင်း**– hca.wa.gov/ah-expansion | **အီးမေးလ်**– ahexpansion@hca.wa.gov | **ဖုန်း**– 1-800-562-3022